# သူတို့သည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြင့် "နယ်ကျား"ကို သရုပ်ဖော်နေ







## ပန်းချီလက်ရာဖြင့် ဆွဲထားသည့် "နယ်ကျား"

ပေကျင်းမြို့ ပေကျင်းရောင်စုံကြွေထည်ပြတိုက်သို့ ဝင်ရောက်လိုက်သည်နှင့် စားပွဲပေါ်မှ "Nezha 2" ရုပ်ရှင်ကာရိုက်တာအသွင်သဏ္ဌာန်၏ စဉ့်သုတ်ကြွေထည်များက အသက်ဝင်စွာဖြင့် လူများကို ဆွဲဆောင်ထားပါသည်။ ပြတိုက်အတွင်း ပေကျင်းမြို့ ရှေးဟောင်းကြွေထည်သဏ္ဌာန်တူယူ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် လက်မှုပညာဆက်ခံသူ ဆရာကြီးဟွမ်သည် ကြွေထည်များပေါ်တွင် စုတ်တံဖြင့် ပုံရေးဆွဲနေပါသည်။ သတ္တုဒြပ်စင်ပါ ဆေးရောင်စုံများဖြင့် ကြွေပြားများပေါ်တွင် သေသပ်စွာဖြင့် နယ်ကျား၏ ကောက်ကြောင်းများကို ရေးဆွဲနေပါသည်။

ပေကျင်းရောင်စုံကြွေထည်ကို ပေကျင်းရှေးဟောင်းသဏ္ဌာန်တူယူကြွေထည်ဟုလည်း ခေါ်ဆိုကြပြီး မင်မင်းဆက်ခေတ်၊ မန်ချူးမင်းဆက်ခေတ် (၁၃၆၈ ခုနှစ်- ၁၆၄၄ ခုနှစ်)တို့တွင် စတင်ပေါ်ပေါက်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ပေကျင်းမြို့ မြို့အဆင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် စာရင်းသွင်းခံခဲ့ရသည်။ "ကောက်ကြောင်းဆွဲတာက ပထမအဆင့်၊ စဉ့်သုတ် ကြွေထည်တစ်ခုပေါ်မှာ ဆေးရောင်စုံလက်ရာကို ရေးဆွဲဖန်တီးတာက ကောက်ကြောင်းဆွဲခြင်း၊ အရောင်တင်ခြင်းပြီးရင် ဖိုထဲမှာ နှစ်ကြိမ်ထည့်ဖုတ်ရပါသေးတယ်။ တစ်ပတ်၊ နှစ်ပတ်လောက်ကြာတော့မှ ပြီးစီးပါတယ်။" ဆရာကြီးဟွမ်က အဆင့်တိုင်းကို သေချာတိကျစွာ ထိန်းချုပ်နိုင်ရန် လိုအပ်သည်။ သတ္တုဒြပ်စင်ပါ အမှုန့်များနှင့် ဆီဆေးတို့၏ အချိုးအစား အနည်းငယ် လွဲမှားသွားသည်နှင့် လက်ရာ၏ ကောင်းမွန်မှုအပေါ် သက်ရောက်မှုများစွာ ဖြစ်လာစေနိုင်သောကြောင့် ဖြစ်ပါသည်။

## ဖိညှစ်ပုံဖော်ထားသည့် "နယ်ကျား"

ဂျုံမှုန့်ပုံဖော်ခြင်းသည် ဘဝနေထိုင်မှုနှင့် အနီးစပ်ဆုံးသော ဒြပ်မဲ့ယဉ်ကျေးမှုအနုပညာလက်ရာဖြစ်ပြီး ဂျုံမှုန့်ပုံဖော်ဆရာများ၏ လက်ထဲတွင် မတူကွဲပြားသော အသွင်သဏ္ဌာန်များ ဖြစ်ပေါ်လာနိုင်သည်။ ရှန်းတုန်းပြည်နယ် ဟယ်ဇယ်မြို့တွင် တရုတ်နိုင်ငံအမျိုးသားအဆင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စီမံကိန်း ဆောင်ကျိုးဂျုံမှုန့်ဖော်ခြင်း ကိုယ်စားပြုဆက်ခံသူလီပင်းသည် ဂျုံလုံးဖြင့် နယ်ကျား၏ အလျှော့မပေးသော မျက်ဝန်းနှင့် လွင့်ပျံနေသော ကောင်းကင်မွေ့နှောက်ပဝါနီတို့ကို ပုံဖော်ထားပါသည်။ ပြုလုပ်ချိန်တွင် လီပင်းသည် ဂျုံမှုန့်ဖြင့် နယ်ကျား၏ "ကိုယ်လုံး"ကို ပုံဖော်ပြီးနောက် ဝါးဓားဖြင့် အဝတ်အစား၏ ကောက်ကြောင်းများကို ပုံဖော်ကာ ဆေးရောင်တင်၍ အသက်ဝင်လာစေသည်။ နောက်ဆုံးတွင် "တဒင်္ဂအတွင်း မိုးမြေအကြား ပျံသန်းတော့မည့်အလား" လက်ရာကောင်းတစ်ခု ဖြစ်လာသည်။

ပေကျင်းမြို့ ထုံးကျိုးဒေသတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ဂျုံမှုန့်ပုံဖော်ခြင်း ကိုယ်စားပြုဆက်ခံသူ ချိန်ယဲ့လင်မှာမူ နယ်ကျား၏"မျက်နှာဖွင့်ခြင်း" အသေးစိတ်လုပ်ခြင်းကို ပိုမိုအလေးထားသည်။ "နယ်ကျားပုံလုပ်ရာမှာ အခက်ဆုံးကတော့ မျက်နှာဖွင့်ခြင်းပါပဲ။ မျက်လုံးရဲ့ ရှုထောင့်၊ ပါးစပ်ဘယ်လောက်ဟရမယ်၊ အဲဒီအသေးစိတ်တွေက လူကို အတော်လေး ခေါင်းစားစေပါတယ်။ ဒါ့ရင်ါးပါး အချိုးအစား နည်းနည်းလွဲတာတဲ့ အသက်မဝင်တော့ဘူး။" ချိန်ယဲ့လင်သည် စကားပြောနေရင်ဖြင့် ဂျုံတစ်တုံးယူကာ လက်များက သွက်လက်စွာ အစမ်းလုပ်ပြသည်။ သူမ၏ သွက်လက်သော လက်များဖြင့် အဆော့မက်ပြီး အသက်ဝင်သော နယ်ကျားအသွင်သဏ္ဌာန်သည် ကနဦးပုံပေါ်လာခဲ့သည်။ အသေအချာ ကြည့်လိုက်ပါက နယ်ကျား၏ "အသွင်"နှင့် "သဏ္ဌာန်"သည် ဤလက်ဖျားထိပ်တွင် ရှိနေသည်ကို တွေ့ရပါလိမ့်မည်။

၂၀၂၅ ခုနှစ် နွေဦးပွဲတော်အစတွင် တရုတ်နိုင်ငံကာတွန်းရုပ်ရှင်ဖြစ်သည့် "Nezha: Demon Child Conquers the Sea (Nezha 2)" ရုံတင်ချိန်မှစတင်ကာ တရုတ်နိုင်ငံသာမက တစ်ကမ္ဘာလုံး၏ ရုပ်ရှင်သမိုင်းမှတ်တမ်းကို အဆက်မပြတ် စံချိန်တင်လာခဲ့ပါသည်။ လက်ရှိတွင် "Nezha 2" သည် ကမ္ဘာ့ကာတွန်းရုပ်ရှင် လက်မှတ်ရောင်းအား၌ ထိပ်ဆုံးရောက်ရှိနေပြီဖြစ်ပြီး တရုတ်ယွမ် ၁၃. ၉ ဘီလီယံ ကျော်လွန်သော လက်မှတ်ရောင်းအားကို ဖန်တီးနိုင်ခဲ့ကာ တရုတ်နိုင်ငံ၏ လူကြိုက်များသော ယဉ်ကျေးမှုဖြစ်စဉ်ကြီး ဖြစ်လာခဲ့ပါပြီ။

" Nezha 2 "သည် တရုတ်နိုင်ငံ၏ ဂန္ထဝင်ဒဏ္ဍာရီ "နတ်အဖြစ် ဘွဲ့နှင်းအပ်ခြင်းအရေးတော်ပုံ"ကို ပြင်ဆင်ရိုက်ကူးထားခြင်း ဖြစ်ပါသည်။ အဓိကဇာတ်ဆောင် နယ်ကျားသည် သောင်းကျန်း၊ အဆော့မက်သော်လည်း စိတ်ထားကောင်းမွန်ပြီး သမာသမတ်ကျသော အသက်သုံးနှစ်အရွယ် ကလေးငယ်တစ်ဦး ဖြစ်ပါသည်။ ရုပ်ရှင်သည် ရှေ့ဇာတ်လမ်းပိုင်းဖြစ်သည့် "Nezha:Birth of the Demon Child"၏ အကြောင်းအရာကို ဆက်လက်၍ ကပ်ဘေးကြီးပြီးနောက် နယ်ကျားနှင့် သူ၏ သူငယ်ချင်းဖြစ်သူ အောင်ပင်တို့သည် အခက်အခဲအထပ်ထပ်ကို ဖြတ်ကျော်၍ နောက်ဆုံးတွင် လောကသတ္တဝါအားလုံးကို ကယ်တင်သည့် သူရဲကောင်းအဖြစ် ကြီးပြင်းရင့်ကျက်လာသည့်အကြောင်းကို တင်ဆက်ထားပါသည်။ "Nezha 2" သည် တရုတ်ဒဏ္ဍာရီပုံပြင်များအပေါ် ပရိသတ်များ၏ ကြိုက်နှစ်သက်မှုများ ဖြစ်ပေါ်လာစေရုံတင်မက ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ဆက်ခံသူများနှင့် အနုပညာရှင်များ၏ ရိုးရာလက်မှုပညာဖြင့် နယ်ကျား၏ အသွင်သဏ္ဌာန် ဖန်တီးသစ်ဆန်းမှု ရေစီးကြောင်းကိုလည်း ဖြစ်ပေါ်လာစေပါသည်။

## ချည်ထိုးထားသည့် "နယ်ကျား"

ဟူနန်ပြည်နယ် ကျန်းကျားကျဲ့မြို့တွင် ချည်ထိုးလက်မှုပညာရှင်များသည် တရုတ်နိုင်ငံ အမျိုးသားအဆင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် လက်မှုပညာ"ထူတိုင်းရင်းသား ချည်ထိုး"ဖြင့် "ချစ်စရာကောင်းသော" နယ်ကျားကို ချည်ထိုးခဲ့ကြသည်။ ရိုးရာချည်ထိုး၏ ပုံသေအချိုးကောက်ကြောင်းများနှင့် ရုပ်ရှင်ကာရိုက်တာတို့၏ ကာတွန်းပုံဒီဇိုင်းတို့ကို ပေါင်းစပ်၍ လက်ရာသည် ထူတိုင်းရင်းသားလူမျိုးတို့၏ ယဉ်ကျေးမှုဗီဇကို ပေါ်လွင်စေရုံသာမက လူငယ်ပရိသတ်များ၏ အလှအပကြိုက်နှစ်သက်မှုနှင့်လည်း ကိုက်ညီနေသည်။

ကွေ့ကျိုးပြည်နယ် တုန်ရန်မြို့ ချန်ချည်ထိုး ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပြတိုက်တွင် ကွေ့ကျိုးပြည်နယ်မြောင်တိုင်းရင်းသား ချည်ထိုးဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ဆက်ခံသူ၊ သစ်ရွက်ကြောချည်ထိုးတည်ထောင်သူ ရန်လိသည် သစ်ရွက်ပေါ်တွင် နယ်ကျား၏ ကောက်ကြောင်းများကို ရေးဆွဲပြီးနောက် ၎င်း၏အဖွဲ့သားများဖြစ်သည့် ချည်ထိုးသမများသည် အပ်တစ်ချက်ကြိုးတစ်မျှင်ခြင်းဖြင့် အသက်ဝင်လှုပ်ရှားနေသော နယ်ကျားကို ချည်ထိုးပုံဖော်ခဲ့ကြသည်။ သစ်ရွက်ကြောချည်ထိုးသည် သစ်ရွက်ကို အဓိကနောက်ခံအဖြစ်ဖြင့် ၎င်း၏လုပ်ငန်းစဉ်သည် လက်မှုပညာအဆင့်ပေါင်း ၃၀ ကျော် လိုအပ်ပါသည်။ ချည်ထိုးသမများသည် ပါးလျားသော သစ်ရွက်ကြောပေါ်တွင် အပ်ချောင်းများ ချည်ထိုးရသောကြောင့် "သစ်ရွက်ပေါ်က အပ်ပျံ"ဟု တင်စားကြသည်၊ နယ်ကျားနှင့် သစ်ရွက်ကြောချည်ထိုးတို့ တွေ့ဆုံလိုက်ရာတွင် ဤလက်ဖျားထိပ်မှ လက်မှုပညာသည် သစ်လွင်သော နည်းလမ်းဖြင့် အများပြည်သူရှေ့မှောက်သို့ ရောက်ရှိလာပါသည်၊ အင်တာနက်အသုံးပြုသူများက "နယ်ကျားရုပ်ရှင်တစ်ကားက ကျွန်တော်တို့ကို တရုတ်နိုင်ငံရဲ့ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်လက်မှုပညာတွေရဲ့ အလှကို ခံစားသိရှိစေခဲ့တဲ့အတွက် အမြင်အင်မတန်ကျယ်လာစေပါတယ်"ဟု ဆိုကြသည်။